


## လူထုဆီကိုရောက်အောင် သွားကြပါစို့ ...

"မယောင်ရာ ဆီလူးနေသည်များကို ရပ်ကြပါတော့" ဟူ၍ အစပြု ပြောချင်နေပါတော့သည်။ နအဖ ကမူ ၎င်းတို့ဖက်မှ ပြင်ဆင်မှု ခိုင်မာနေပြီ၊ အချောသာနေပြီဟု ယူဆ၍ ဆန္ဒခံယူပွဲ၊ ရွေးကောက်ပွဲ ရာဇသံကို တင်၍ ထိုးစစ်ကို စတင်ရန် အသံပြုလိုက်ပြီ ဖြစ်သည်။ ထို အခြေအနေ များကြောင့်ပင် ထင်မှတ်ရပါသည်။ ဒေါ်အောင်ဆန်းစုကြည် က "အကောင်းဆုံးကိုလည်း မျှော်လင့် ထားဖို့ လိုသလို၊ အဆိုးဆုံးကိုလည်းပြင်ဆင်ထားပါ" ဟု မကြာခင်ကမှ တပ်လှန့်ထားခဲ့ခြင်းဖြစ် သည်။ ဒေါ်စု (DASSK) ၏ သတင်းပါးလိုက်သော ဤစကား၏ ဒုတိယပိုဒ်ဖြစ်သော **အဆိုးဆုံး ကိုပြင်ဆင်ထား** ဆိုသည်ကို အဓိပ္ပာယ်ဖွင့်ရလျှင် အဆိုးဆုံးအခြေအနေကို မရောက်အောင် တားဆီးရန် ပြင်ဆင်ထားရန်လည်း လိုသကဲ့သို့ ထိုအခြေအနေကို မတားဆီးနိုင်ခဲ့လျှင်လည်း ထိုကဲ့သို့ အဆိုးဆုံး အခြေအနေကို ဖြတ်သန်းကျော်ဖြတ်နိုင်ရန် ပြင်ဆင်ထားပါ ဟူ၍ မိမိတို့ သဘောပေါက် နားလည်ထားခဲ့ပါသည်။ ထိုကြောင့်လည်း ဤကဲ့သို့သော အခြေအနေနှစ်ခုစလုံးကို ကျော်ဖြတ်နိုင်ရန် ဆန္ဒစွဲများကို ဖြုတ်၍ လက်တွေ့ပကတိအခြေအနေကို အခြေခံ၍ သုံးသပ်ပြင်ဆင်ရန် သမိုင်းက အပူတပြင်း တောင်းဆိုနေပြီဖြစ်သည်။ ထိုကြောင့်လည်း ပြင်ဆင်သင့်သည်များကိုလည်း ပြင်ဆင်ကြပါ။ လျှို့ဝှက်သင့်သည်များကိုလည်း လျှို့ဝှက်ကြပါ။ ထို့အပြင် **ဤပွဲတွင် အဓိက ပါဝင်ကပြရမည့် သူများ ဖြစ်သည့် လူထုကိုလည်း အသိပေးချပြသင့်သည်များကို ချပြ၍ ပြင်ဆင်စေသင့်ပါသည်။**

မိမိတို့ အနေဖြင့် နီးစပ်သူများကိုသာမက ပြည်သူလူထုကိုပါ နအဖ သည် ၎င်းတို့၏ road map အထူးသဖြင့် ဆန္ဒခံယူပွဲကို မကြာမီအချိန်တွင် (လာမည့်မေလ) တက်သုတ်ရိုက်၍ ကျင်းပအကောင်အထည်ဖေါ်တော့မည်ဖြစ်ကြောင်း။ ထို့အတွက် တပြည်လုံးတွင် ပြင်ဆင်မှုများ ပြုလုပ်နေကြောင်း အခြေအနေပေးလျှင်ပေးသလို မီဒီယာများတဆင့် ပြောဆိုနေရပေမည်။ သို့သော်........ ကျနော်တို့၏ မိတ်ဆွေများကမူ ဤကဲ့သို့ မယူဆခဲ့ကြပါ။ စက်တင်ဘာ အရေးအခင်း အဟုန်၏ အမူးကလည်း မပြေသေးသည်လည်း ဖြစ်နိုင်ပါသည်။ နအဖ အနေဖြင့် စက်တင်ဘာ အရေးအခင်းကြောင့် ဤမျှ အကျဉ်းအကျပ်ထဲ ရောက်နေခဲ့သည့် အခြေအနေတွင် ထိုကဲ့သို့ ထိပ်တိုင်ရင်ဆိုင်ရသည့်အခြေအနေကို ဖြစ်လာစေသည့် နိုင်ငံရေးလုပ်ကွက်မျိုးကို လုပ်လာနိုင် လိမ့်မည်မဟုတ်။ ၎င်းတို့အတွင်း၌လည်း အကျပ်အတည်းများ ကြီးမားစွာရှိနေသည်။ ထို့ကြောင့် ဆန္ဒခံယူပွဲကဲ့သို့ အရာမျိုးကို နအဖ အနေဖြင့် လတ်တလောတွင် တက်သုတ်ရိုက် လုပ်လာနိုင်လိမ့် မည်မဟုတ်ဟုသာ အများက တုံ့ပြန်ခဲ့ကြပါသည်။ ထိုကဲသို့လည်း သုံးသပ် ပြုမူနေပုံရပါသည်။

ဤသို့ဆိုလျှင် နအဖစစ်အုပ်စုအနေဖြင့် မည်သည့်အတွက်ကြောင့် ယခုကဲ့သို့ ခြေလှမ်းမျိုးကို လှမ်းလိုက်သနည်း။ ထိုမေးခွန်းကို ဝိုင်းဝန်း၍ စဉ်းစားကြစေချင်ပါသည်။ မိမိတို့၌လည်း တွေးမိသော အမြင်တခုတော့ ရှိပါသည်။ ပြည့်စုံသည့်အမြင် ဟူ၍လည်း မဆိုလိုပါ။ နအဖ အနေဖြင့် လက်ရှိ ပြည်တွင်းနိုင်ငံရေး အခြေအနေကို ၎င်းတို့ချုပ်ကိုင်ထားနိုင်လိုက်ပြီဟု ယူဆထားပုံ ရပါသည်။ ဒီပဲရင်းနောက်ပိုင်း (ဒေါ်စုနှင့်ဦးဆောင်နိုင်သူများကို ဖမ်းဆီးဖိနှိပ်ခဲ့ပြီးနောက်ပိုင်း) အပြင်၌ကျန်ရှိနေသည့် ဦးဆောင်လှုပ်ရှားနိုင်များ (အထူးသဖြင့် ၈၈မျိုးဆက်များ၊ NLD လူငယ်များ) အားလုံးကို စက်တင်ဘာ အရေးအခင်းအတွင်းနှင့်နောက်ပိုင်းတွင် မြေလှန်လိုက်နိုင်ပြီဟု ယူဆနေပုံရပါသည်။ အချို့ကို နောက်ပိုင်းတွင် ပြန်လွှတ်ပေးခဲ့သော်လည်း ၎င်းတို့၏ ဒေါက်တိုင် မျိုးစုံ၏ လက်တံရှည်ကြီးများဖြင့် ရပ်ကွက်များအထိရောက်အောင် ထိမ်းချုပ်နိုင်လိုက်ပြီ ဟုလည်း ယုံကြည်နေပုံရပါသည်။ ( နိုင်ငံတကာ အခြေအနေများကိုမူ နအဖ စစ်အုပ်စုအနေဖြင့် ကြောက်ယောင်ဆောင်ပြသည့် ယောင်ပြများမှလွဲ၍ သိပ်ပြီး အာရုံစိုက်နေခဲ့ပုံမရပါ။ နအဖ သည် အကျိုးစီးပွားများကို အခြေခံကြသည့် ယနေ့ကမ္ဘာ၏ လက်တွေ့နိုင်ငံရေးကို သဘောပေါက်ပြီး နိုင်ငံကြီးများ၊ အိမ်နီးချင်းနိုင်ငံများနှင့် အကျိုးစီးပွားပေါ်တွင် အခြေတည်၍ လိမ္မာပါးနပ်စွာ ကစားတတ်နေ ပြီဖြစ်သည်။ ဖိအားများကို ကျော်လွှားနိုင်သည့် နည်းလမ်းများကိုလည်း သိနေပြီး ကျော်လည်း ကျော်လွှားတတ်နေပြီဖြစ်၍ နောက်ထပ် အလုပ်ရှုပ်မလာစေရန် ကြောက်ချင်ယုံသာဆောင်ခဲ့ သည်။ သို့သော်လည်း နိုင်ငံတကာ မှ lobby လှုပ်ရှားမှုများကိုလည်း ဆက်လုပ်နေရဦးပေမည်။ နအဖ ၏ ထွက်ပေါက်များကို ပိုမို၍ ပိတ်ထားနိုင်သမျှ ပိတ်ဆို့ထားနိုင်အောင် ထပ်မံ၍လည်း အရှိန် မြှင့် လုပ်ဆောင်ရလိမ့်မည်သာဖြစ်သည်။ သို့သော် ထိုအပေါ် အာရုံပြု စောင့်နေယုံမျှနှင့် မရပေ။

နအဖစစ်အုပ်စု အနေဖြင့် ၁၉၉၀ ရွေးကောက်ပွဲ ပုံစံအဖြစ်မျိုး ထပ်မံ အရောက်ခံ၍ မရကြောင်း သင်ခန်းစာ ယူခဲ့ပြီးပုံရပါသည်။ ၁၉၅၄ နှင့် ၁၉၆၀ ဖိနှိပ်မှုမျိုးဖြင့် ၁၉၇၄ ၏ အောင်ပွဲကို ယူမည်ဟု မျှော်မှန်းထားပုံလည်း ရပါသည်။ လူအချို့က ပြောနေကြသည့် နိုင်ငံတကာ၏ မော်နီ တာဆိုသည်မှာရော.... .... နအဖ အနေဖြင့် စဉ်းစားပြင်ဆင်ထားလျှင်လည်း ထားနိုင်ပါသည်။ သို့မဟုတ် ဂရုမစိုက်ဆိုပြီး လုပ်ချင်လည်း လုပ်နိုင်ပါသေးသည်။ နောက်ဆုံးအခြေအနေသို့ ရောက်လာခဲ့လျှင်လည်း ထိုကိစ္စသည် မိမိတို့အတွက် လိုအပ်ပါသည်။ သို့သော် ပုံတော့ မအော ထားသင့်ပါ။ စစ်အေးခေတ်နောက်ပိုင်း ကမ္ဘာတလွှားတွင် ဆန္ဒခံယူပွဲများ၊ ရွေးကောက်ပွဲများ အနှံ့အပြားဖြစ်ပွားခဲ့သည်။ ကောင်းမွန်မှုတစွာ ပြီးဆုံးခဲ့သည်များလည်း ရှိသကဲ့သို့ နိုင်ငံတကာက အနီးကပ် စောင့်ကြည့်နေသူတွေများကြားမှ မျက်လှည့်ပြသွားနိုင်သူတွေကလည်း ဒုနဲ့ဒေးရှိနေခဲ့ သည် (ဥပမာ။ ။ပါကစ္စတန်ကဆန္ဒခံယူပွဲများ) ။

သိသိကြီးနှင့် လက်ဆုပ်လက်ကိုင် မပြနိုင်၍ ရောရှိရောရဲ ဖြစ်သွားခဲ့သည်များလည်း ရှိခဲ့သည်။ ထို့ပြင် မိမိတို့နိုင်ငံတွင် ပထမ တန်း အနောက်နိုင်ငံ ကြီးများမှာကဲ့သို့ ကွန်ပြူတာ အခြေပြု မဲပေးစနစ်မျိုးမဟုတ်၊ တတိယကမ္ဘာနိုင်ငံများရှိ မဲရုံစနစ် ပုံစံဖြစ်သည်ကို လည်း သတိပြု သင့်သည်။ အရှေ့တီမောကဲ့သို့ နိုင်ငံငယ်ကလေးတွင် အဆိုးဆုံး အခြေအနေများ၊ သွေးမြေကျမှုများ ဖြတ်သန်းပြီး နိုင်ငံ တကာ၏ ဝင်ရောက်ကူညီမှုကြောင့် ပန်းတိုင်သို့ ရောက်ခဲ့သည့်နိုင်ငံ အနည်းငယ်တော့ ရှိခဲ့ပါသည်။ သို့သော် မြန်မာနိုင်ငံ၏ ကျေးလက် ဒေသသည် ကျယ်ပြန့်သည်၊ ဝေးလံခေါင်းသီသည်။ လူဦးရေအများစုကလည်း ကျေးလက်များ၌သာ အနေများသည်။ မော်နီတာများ လက်လှမ်းမှီသည့် မြို့ကြီး၊ မြို့ငယ်များတွင် နအဖ အနေဖြင့် လက်ဝင် လှိုချင်မှ လှို လိမ့်မည်။ သို့သော် ကျေးလက်များကို လက်ဝါးကြီး အုပ်၍ အနိုင်ရာခိုင်နှုန်းကို ယူသွား နိုင်လိမ့် မည်ဟု ၎င်းတို့အနေဖြင့် တွက်ထားပုံရပါသည်။ ထို့ကြောင့်လည်း နိုင်ငံတကာမှ စောင့်ကြည့် နေသည်၊ အနီးကပ် မော်နီတာ လုပ်နေသည် ဆိုသည်နှင့်လည်း လူထုအတွင်း ထွေပြားအောင် မလုပ်စေချင်ပါ။

အကယ်စင်စစ် အချိန်ကား သိပ်မကျန်တော့ပါ။ ပြတ်သားသည့် အတွေးအခေါ်တခု လူထုဆီသို့ ပျံ့နှံ့ရောက်ရှိနေပြီး ဖြစ်သင့် ပါသည်။ နိုင်ငံတကာကို အားကိုးရမည်လော...ခေါင်းဆောင်များကို ထိုင်စောင့်နေရမည်လော...မိမိကိုယ်ကိုသာ ခေါင်းဆောင်တင် အား ကိုးအားပြု၍ တော်လှန်အောင် ပွဲခံကြမည်လော.....။ တချို့သော လူထုများကြားထဲတွင် ဤကဲ့သို့သော အတွေးအခေါ်များ ထွေပြားနေ သကဲ့သို့ (ဤသည်ကလည်း မိမိတို့အတွင်း မညီညွတ်နိုင်မှုများ ကြောင့်လည်း သဘာဝကျပါသည်) မိမိတို့ တော်လှန်ရေး အင်အားစုများ ထဲ၌လည်း အတွေးအခေါ် များက မတင်မကျ ဖြစ်နေကြသေးသည် ။

ဤတွင် အထူးပြု၍ ထပ်ပြောချင်ပါသည်......အချိန်က သိပ်မကျန်တော့ပါ။ မယောင်ရာ ဆီလူးနေသည်များကိုရပ်၍ အနာနှင့် တည့်မည့်ဆေးကို သိအောင် အားလုံးက ဝိုင်းဝန်း ကြိုးစားကြ စေချင်ပါသည်။ လက်ရှိအခြေအနေသည် မိမိတို့၏ ၁၉၉၀ ရွေးကောက် ပွဲရလဒ် အလံကိုတင်ထား သည့် တောင်ကုန်းကို စစ်အုပ်စုက တက်သိမ်း၍ မိမိတို့ တင်ထားသည့် အလံကို ဖြုတ်ချပြီး ၎င်းတို့၏ တမတ် သားအလံကို တင်ဖို့ ကြိုးစားနေခြင်းဖြစ်သည်။ ထိုတောင်ကုန်းသည် နစ်ဖက်စလုံး အတွက် အရေးပါသော တောင်ကုန်းလည်း ဖြစ်သည်။ နောက်ဆက်တွဲ အနိုင်အရှုံးတွေကိုလည်း ဆုံးဖြတ်ပေးနိုင်သည့် တောင်ကုန်းလည်း ဖြစ်နေသည်။ တကယ်တော့လည်း ထိုတောင်ကုန်း ကို ကာကွယ်ရန်မှာ လူထုအင်အားမှ လွဲ၍ တခြားမရှိနိုင်ပါ။ ထို့ကြောင်လည်း လူထုနှင့် ပြတ်ပြတ် သားသား လက်တွဲထားရမည့်အချိန် ဖြစ်နေပါပြီ။ လူထုထဲမှ ပေါ်ထွက်လာမည့် သူရဲကောင်းများ ကသာ  စစ်အုပ်စု၏ထိုးစစ်ကို ရိုက်ချိုးပစ်၍ အောင်ပွဲဆီကို ခေါ်ဆောင်သွား နိုင်မည်ဖြစ်သည်။ ထို့ကြောင့်လည်း တော်လှန်ရဲသည့် စိတ်ဓါတ်နှင့် အောင်ပွဲခံရဲသည့် စိတ်ဓါတ်များ လူထုအကြားတွင် ပျံ့နှံ့နေပြီး မြန်မာ ပြည် တနံတလျှား၌သာမက ဘဝင်သို့ပါ လျှံထက်လာစေရန် မိမိတို့ အားလုံး လက် တွဲ၍ ကျရာနေရာ ကျရာတာဝန်များကို လုပ်ဆောင် ကြပါဟု......)

ကာိသစ်

(၁၀၊ ၂၊ ၂၀၀၈)